The Appropriation Act 1951
(Act No XXXV of 1951)

# ၁၉၅၁ ခုနှစ်၊ ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၅။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။

၁။ ။ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏အခွန်တော်များမှ စုစုပေါင်း ငွေ ၉၅,၀၄,၀၆,၀၀၀ (ဤအက်ဥပဒေ နောက်ဆက်တွဲဇယားတွင် ဖော်ပြထားသည်) ကိုထုတ်၍၊ ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ, ၃၀ ရက်နေ့၌ကုန်ဆုံးသည့် နှစ်ဆိုင်ရာအသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် ငွေချေးယူခြင်း။

၂။ ။(၁) ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွင်းတွင် ငွေစုစုပေါင်း ၁၇,၀၁,၀၀,၀၀၀ ထက် မပိုသောငွေများကို၊ ဘဏ္ဍာရေးဝန်ကြီးသည် အစိုးရငွေချေးစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်ကလည်း၊ထိုနှစ်အတွင်းတွင် ထိုငွေများကိုဘဏ္ဍာရေးဝန်ကြီးအားထုတ်ချေးရမည်။ ထိုကဲ့သို့ငွေချေးသောကိစ္စအတွက် ဘဏ္ဍာရေးဝန်ကြီးသည် မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍၎င်း၊ ပြန်ဆပ်ရန်၊ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များထား၍၎င်း၊ အာမခံစာချုပ်များပြုလုပ်၍ ထုတ်ပေးနိုင်သည်။

(၂) ဤအက်ဥပဒေအရ ချေးယူ၍ရှိသော ငွေအားလုံးကို ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များတွင် ထည့်သွင်းရမည်။

(၃) ဤအက်ဥပဒေအရထုတ်ပေးသည့် အာမခံစာချုပ်များနှင့် သက်ဆိုင်သောငွေရင်းနှင့်အတိုးကို၎င်း၊ ဤအာမခံစာချုပ်များထုတ်ပေးသည့်ကိစ္စနှင့် ပတ်သက်၍ ကုန်ကျသည့်စရိတ်ငွေများကို၎င်း၊ ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များမှ ထုတ်ပေးရမည်။

## နောက်ဆက်တွဲဇယား။

| အစိုးရဌာန။ | | | | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|---|---|---|
| | | | | ကျပ်။ |
| အကောက်တော်နှင့် နိုင်ငံတွင်းအကောက်တော် | | ... | ... | ၂၉,၆၉,၀၀၀ |
| အမြတ်တော်ခွန် | ... | ... | ... | ၁၂,၂၃,၀၀၀ |
| အစိုးရထီ | ... | ... | ... | ၅,၁၂,၀၀၀ |
| မြေခွန်တော် ... | ... | ... | ... | ၁,၀၆,၆၁,၀၀၀ |
| ယစ်မျိုး ... | ... | ... | ... | ၂၂,၉၇,၀၀၀ |
| တံဆိပ်တော်ခေါင်းများနှင့် မှတ်ပုံတင်မှု | | ... | ... | ၄,၀၀,၀၀၀ |

Price,—One anna.]

## နောက်ဆက်တွဲဇယား။ ။အခွက်။

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|
| | ကျပ်။ |
| သစ်တော | ၇၅,၁၉,၀၀၀ |
| အခြားအခွန်တော်များနှင့် အကောက်တော်များ | ၁၂,၈၁,၀၀၀ |
| မီးရထား | ၂,၇၄,၀၀,၀၀၀ |
| ဆည်မြောင်း အစရှိသည့်လုပ်ငန်းများ | ၈၆,၇၁,၀၀၀ |
| စာပို့တိုက်နှင့်ကြေးနန်း | ၁,၄၆,၆၄,၀၀၀ |
| အတိုးနှင့်ကြွေးမြီ | ၃၂,၇၄,၀၀၀ |
| ပါလီမန် | ၃၉,၆၃,၀၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု | ၁,၈၅,၀၈,၀၀၀ |
| စာရင်းစစ် | ၂၈,၉၁,၀၀၀ |
| တရားရေး | ၇၅,၁၄,၀၀၀ |
| အကျဉ်းထောင်များ | ၈၄,၁၃,၁၀၀ |
| ရဲအဖွဲ့ | ၆,၆၇,၃၆,၁၀၀ |
| ရေကြောင်းဆိုင်ရာနှင့် မီးပြတိုက်များ | ၉၁,၃၁,၀၀၀ |
| သာသနာရေးကိစ္စများ | ၁၀,၄၄,၀၀၀ |
| နိုင်ငံခြားရေး | ၄၆,၁၈,၀၀၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများ | ၂၄,၅၂,၀၀၀ |
| ပညာရေး | ၄,၆၂,၆၂,၀၀၀ |
| ဆေးဘက်ဆိုင်ရာနှင့် ပြည်သူ့ကျန်းမာရေး | ၁,၀၀,၇၅,၀၀၀ |
| စိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးကုသရေး၊ သမပါယမ ငွေစုငွေချေးလုပ်ငန်းနှင့် ငတ်မွတ်ခေါင်းပါးခြင်းကယ်ဆယ်ရေး | ၇၃,၆၉,၀၀၀ |
| စက်မှုလက်မှု အလုပ်အကိုင်များ | ၁၂,၃၀,၀၀၀ |
| လေကြောင်းပျံသန်းသွားလာမှု | ၂၀,၆၂,၀၀၀ |
| အထွေထွေဌာနများ | ၀,၇၅,၅၀,၀၀၀ |
| ငွေစက္ကူ၊ ဒင်္ဂါး စသည်များနှင့်ဒင်္ဂါးသွန်းစက်ရုံ | ၄,၀၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ | ၃,၀၇,၄၁,၀၀၀ |
| ပင်စင်လစာငွေများ | ၁,၇၇,၄၉,၀၀၀ |
| စာရေးကိရိယာနှင့် စာပုံနှိပ်ခြင်း | ၃၂,၆၃,၀၀၀ |
| အထွေထွေ | ၄၀,၉၁,၀၀၀ |
| ကာကွယ်ရေး | ၁၆,၈၅,၀၀,၀၀၀ |
| ပြည်နယ်အစိုးရများသို့ထောက်ပံ့ငွေ | ၁,၈၅,၀၀,၀၀၀ |
| စစ်ကြောင့်ထွက်ခွါသွားမိ တင်ရှိသည့်ကြွေးမြီတာဝန်များ | ၆၆,၃၆,၀၀၀ |
| သစ်တောအတွက် မ,တည်ငွေရင်း | ၂၀,၀၀၀ |
| ဆည်မြောင်းစသည့်လုပ်ငန်းများအတွက် မ, တည်ငွေရင်း | ၉,၄၀,၀၀၀ |
| စာပို့တိုက်နှင့်ကြေးနန်းအတွက် မ,တည်ငွေရင်း | ၂၆,၁၉,၀၀၀ |
| ရဲအဖွဲ့အတွက် မ,တည်ငွေရင်း | ၁,၄၁,၀၀၀ |
| ရေကြောင်းဆိုင်ရာ၊ မီးပြတိုက်များနှင့် မီးပြသင်္ဘောများအတွက် မ,တည်ငွေရင်း | ၇၉,၇၆,၀၀၀ |
| နိုင်ငံခြားရေးအတွက် မ,တည်ငွေရင်း | ၁၇,၇၅,၀၀၀ |
| ပညာရေးအတွက် မ,တည်ငွေရင်း | ၄၀,၀၀,၀၀၀ |
| ဆေးဘက်ဆိုင်ရာအတွက် မ,တည်ငွေရင်း | ၅၁,၀၀,၀၀၀ |
| လေကြောင်းပျံသန်းသွားလာမှုအတွက် မ,တည်ငွေရင်း | ၂,၅၆,၅၀,၀၀၀ |

## နောက်ဆက်တွဲဇယား။ ။အဆုံး။

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|
| | ကျပ်။ |
| ငွေကြေးအတွက် မ,တည်ငွေရင်း ... ... | ၁,၅၆,၀၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း ... ... | ၃,၇၇,၅၀,၀၀၀ |
| ကာကွယ်ရေးအမှုထမ်းအဖွဲ့များအတွက် မ,တည်ငွေရင်း ... | ၅,၁၅,[illegible]၂,၀၀၀ |
| အိမ်ဆောက်သုပ်ရေးစီမံကိန်းအတွက် မ,တည်ငွေရင်း ... | ၃,၅၀,၀၀,၀၀၀ |
| စက်မှုလက်မှုလုပ်ငန်းကိုးတက်ရေးအတွက် မ,တည်ငွေရင်း ... | ၂,၀၇,၄၄,၀၀၀ |
| ရုတ်တရက်အသုံးစရိတ်ရံပုံငွေ ... ... ... | ၁,၀၀,၀၀,၀၀၀ |
| စီမံကိန်းအဖွဲ့များနှင့် မြန်မာနိုင်ငံတော်မီးရထားအဖွဲ့သို့ချေးငွေများ ... | ၆,၄၆,၀၀,၀၀၀ |
| အခြားအတိုးရသည့် ကြိုတင်ထုတ်ပေးငွေများနှင့် အတိုးမရသည့် ကြိုတင်ထုတ်ပေးငွေများ ... ... ... | ၄,၇၅,၅၄,၀၀၀ |
| ပေါင်း ... | ၉၅,၁၄,၀၆,၀၀၀ |

G.U.B.C.P.O.—No. 14, M. of J.A. 26-10-51—2,000—II.